ခေါင်းစဉ်၊ **တပည့်တော်၏ ဆုတောင်းခြင်းအသက်တာ**

ရေးသားသူ၊ ***သိက္ခာတော်ရ ဆရာဒေါက်တာလထော်ဇော်ဆမ်***

ISBN: 978-1-927468-04-3

© ၂၀၀၉ သိက္ခာတော်ရဆရာ ဒေါက်တာလထော်ဇော်ဆမ်၏ မူပိုင်ဖြစ်သည်။

**L.A.M.B.S** ပုံနှိပ်ထုတ်ဝေရေး၊ မြန်မာ၏ ကြိုတင်၍ သဘောတူညီမှု မရှိဘဲ ဤစာအုပ်၏ မည်သည့်အစိတ်အပိုင်းကိုမဆို အီလက်ထရောနစ်၊ ပုံနှိပ်စက်၊ မိတ္တူကူးခြင်း၊ အသံသွင်းခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေခြင်း၊ ပြန်လည်ထုတ်ယူနိုင်သည့် စနစ်တစ်ခုအတွင်း သိမ်းဆည်းထားခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်းကို မည်သည့်ပုံစံ၊ မည်သည့်နည်းလမ်းများဖြင့်မျှ ပြုလုပ်ခြင်း မပြုရန် ကြပ်တည်းစွာ တားမြစ်ပါသည်။ စာအုပ်၏ ရပိုင်ခွင့် အားလုံးကို မူပိုင်ပြုထားပါသည်။

သတိပြုရန်မှာ

အထူးတလည်ဖော်ပြထားခြင်း မရှိလျှင် သမ္မာကျမ်းအညွှန်း အားလုံးသည် ဆရာယုဒသန် အနက်ပြန်သော သမ္မာကျမ်းစာအုပ်မှ ထုတ်နှုတ်ထားခြင်း ဖြစ်ပါသည်။

**ကန့်သတ်ထုတ်ဝေသည်။**

## မာတိကာ

စာမျက်နှာ

နိဒါန်း ၅

၁၊ ကျွန်ုပ်တို့၏အဘ ၁၂

၂၊ ကျွန်ုပ်တို့အဘ၏ အလိုတော် ၁၃

၃၊ ကျွန်ုပ်တို့အဘ၏ အသက်မွေးလောက်သောအစာ ၁၄

၄၊ ကျွန်ုပ်တို့အဘ၏ ခွင့်လွှတ်ခြင်း ၁၄

၅၊ ကျွန်ုပ်တို့အဘ၏ ဦးဆောင်မှု ၁၅

၆၊ ကျွန်ုပ်တို့အဘ၏ ကယ်နှုတ်ခြင်း ၁၅

၇၊ ကျွန်ုပ်တို့အဘ၏ ဘုန်းတန်ခိုးအာနုဘော် ၁၆

နိဂုံး ၂၄

က။ ဆက်စပ်မှု
၂၄

ခ။ စဉ်းစားဆင်ခြင်ရန် ၂၅

ဂ။ ဤသင်ခန်းစာနှင့် ဆက်နွယ်သောအခြား ကျမ်းပိုဒ်များ ၂၆

ဃ။ တပည့်တော်စစ်၏ ဆုတောင်းခြင်း ပုံစံ ၃၃

င။ ပြန်လည်သုံးသပ် ရေးမှတ်ရန် ၃၄

# ဥယျောဇဉ်

## ၁။ ရည်ရွယ်ချက်

ဤစာအုပ်ငယ်ကို ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ ခရစ်တော်၏ တပည့်တော်များ သူတို့၏ ယုံကြည်ခြင်း၌ လျှောက်လှမ်းရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ အကယ်၍ ယေရှုခရစ်တော်အတွက် ကြီးပွားရင့်ကျက်လာရန် သူတို့ မျှော်လင့်သည်ဆိုပါက သူတို့သည် ယုံကြည်သူတစ်ဦး သိကျွမ်းနားလည်ရန် လိုအပ်သည့် ဘာသာရပ် အမျိုးမျိုးကို သင်ကြားလေ့လာသူ တန်ဆာပလာများ ဖြစ်လာရမည် ဖြစ်ပါ သည်။ ခရစ်တော်သည် တပည့်တော်များ၏ တာရှည်ခံသော သီးပွင့်မှုများမှ တဆင့် ကြည့်မြင်ရန် လိုလားတော်မူပါသည်။ ကျွန်ုပ်တို့၏ မျှော်လင့် ချက်မှာ ဤလက်ရာများကို သင်ဖတ်ရှုလေ့လာသည်နှင့်အမျှ ဤအရာများ က သင့်ကို ခရစ်တော်ယေရှု၏ ပို၍ ကောင်းသောအစေခံတစ်ဦး ဖြစ်လာ စေရန် ပြုလုပ်ပေးလိမ့်မည်ဟူ၍ ဖြစ်ပါသည်။ ခရစ်တော်က လေ့ကျင့်သင်ကြားနိုင်သော အလုပ်သမားများကို ရှာဖွေနေပါသည်။ သို့မှသာ သူတို့သည် ဘုရားသခင်၏ နိုင်ငံတော်အတွက် ကမ္ဘာလောကကြီးထဲသို့ ထွက်၍ အခြားသူများကို ထိတွေ့နိုင်မည် ဖြစ်ပါသည်။

## ၂။ ဘာသာပြန်ဆိုခြင်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်း

ဤစာအုပ်ထဲတွင် အင်္ဂလိပ်နှင့် မြန်မာဘာသာပြန်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ စာဖတ်သူအနေဖြင့် ကျွန်ုပ်တို့သည် အင်္ဂလိပ်စာကို =လုံးစေ့ပတ်စေ့+ ပြန်ဆိုခြင်း မဟုတ်ဘဲ အတွေးအခေါ်၊ အယူအဆကိုသာ ပြန်ဆိုခြင်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်း ပြုထားသည်ကို နားလည်သဘော ပေါက်ထားရန် အရေးကြီးပါသည်။ ဤစာအုပ်ငယ်ကို ကျမ်းစာအုပ်နှင့် တွဲဖက်အသုံးပြုပြီး ဆုတောင်းခြင်းအားဖြင့် ဖတ်ရှုသူတစ်ဦးအတွက် ဤ ကမ္ဘာပေါ်တွင် အသက်တာလမ်းတစ်ခုအတွက် သမ္မာတရားများကို ရှာဖွေတွေ့ရှိပါလိမ့်မည်။

## ၃။ ကျေးဇူးတင်ရှိခြင်း

အားလုံးသိကြသည့်အတိုင်း လူတစ်ဦးတစ်ယောက်တည်းဖြင့် အလုပ် မပြီးနိုင်ပါ။ သို့ရာတွင် အတူတကွ လုပ်ဆောင်သော အဖွဲ့တစ်ဖွဲ့လိုပါသည်။ ထို့ကြောင့် ဘုရားသခင် ဖွဲ့စည်းပေးလိုက်သော အောက်ပါအဖွဲ့ကို ကျွန်ုပ် အထူးကျေးဇူးတင်ရှိပါသည်။

| | | |
|---|---|---|
| ကြည်မောင်အေး | - | ဘာသာပြန် |
| မရန်နော်အောင် | - | စာတည်းနှင့်အချောဖတ်ခြင်း |
| လဟီထုရှန် | - | စာတည်းနှင့်အချောဖတ်ခြင်း |
| ဂွမ်လိန်လဝေါမ် | - | ကွန်ပြူတာနှင့်ပုံစံချခြင်း |
| ဘွမ်မြန်ခေါဝင်း | - | စာတည်းမှူး |

ဤစာအုပ်ငယ်များကို အချောဖတ်ပေးခြင်းနှင့် အဖိုးတန်သော အကြံဉာဏ်များ ပေးခြင်းတို့အတွက် အထူးကျေးဇူးတင် လိုပါသည်။ ကျွန်ုပ်တို့အဖွဲ့ အနေဖြင့် ဤစာအုပ်ငယ်လေးများသည် သင်တို့အတွက် အသင့်ဖြစ်စေရန် ကျွန်ုပ်တို့၏ နှလုံးသားများကို ထိတွေ့သကဲ့သို့ သင်တို့၏ နှလုံးသားများကို ထိတွေ့စေရန် ဆုတောင်းမေတ္တာပို့သ လိုက်ပါသည်။ ဘုရားရှင် ဘုန်းကြီးတော်မူပါစေသော။

ခရစ်တော်၏အမှုတော်မြတ်၌

***သိက္ခာတော်ရ ဆရာဒေါက်တာလထော်ဇော်ဆမ်***

### နိဒါန်း

ကျွန်ုပ်တို့သည် ခေတ်ကို နောက်ကြောင်းပြန်ကြည့်မည်ဆိုပါက ရှေးဦး တပည့်တော်များသည်ဆုတောင်းခြင်း၏အရေးကြီးပုံကို ကောင်းစွာနားလည် သဘော ပေါက်ကြောင်းကို တွေ့ရှိရမည်ဖြစ်ပါသည်။ သူတို့က ဆုတောင်းခြင်းသည် ဘုရား သခင်နှင့် ဆက်သွယ်ရာတွင် တန်ဆာပလာအဖြစ်နှင့် ဉာဏ်ပညာနှင့် ယုံကြည် ခြင်းများကို ရှာဖွေရန် ကိုယ် တော်ထံ နားစွင့်နေခြင်းဖြစ်ကြောင်း သိရှိခဲ့ကြပါသည်။ တပည့်တော်များသည်ဆုတောင်းခြင်း ၏တန်ခိုးအရှိန်ကိုဆုပ်ကိုင် မိခဲ့ကြပါသည်။ ယင်းမှာ =ဆုတောင်းခြင်းသည် အရာရာကိုပြောင်းလဲစေနိုင်သည်+ ဆိုခြင်းသည် တပည့်တော်များအတွက် သာမက သူတို့ပတ်ဝန်းကျင်ရှိ လူများနှင့် သူတို့ရင်ဆိုင် နေရသောအဖြစ် အပျက်များအတွက်ပါဖြစ်ကြောင်းကိုသိရှိခဲ့ကြပါ သည်။ ဂျူးလူမျိုး များအတွက် သူတို့၏ ဟေဗြဲနောက်ခံသမိုင်းနှင့်ရိုးရာ ဓလေ့များတွင် ဆုတောင်းခြင်း နည်းလမ်းများစွာနှင့်အမျိုးအစားများစွာတို့ဖြင့် ပြည့်နက်နေပါသည်။ ယနေ့တိုင်ပင် ယေရုရှလင်မြို့တွင် =ငိုကြွေးရာတံတိုင်း+ ဟုခေါ်သော ဆက်ကပ်သူများ သွားရောက် ဆုတောင်းရန် အထူးနေရာတစ်ခုရှိနေဆဲဖြစ်ပါသည်။

သခင်ယေရှုခေတ်အခါက သူတို့သည် ဗိမာန်တော် သို့မဟုတ် ဒေသဆိုင် ရာဘုရားဝတ်ကျောင်းများသို့ အနည်းဆုံး တစ်နေ့လျှင် (၃) ခေါက်ခန့် ဆုတောင်းရန် သွားရောက်ခဲ့ကြပါသည်။ သခင်ယေရှုကိုယ်တော်တိုင်ပင် အဘဘုရားသခင်ထံ မကြာခဏ ဆုတောင်းလေ့ရှိပြီး တပည့်တော်များအား အဘဘုရားရှင်ထံ ဆုတောင်း ခြင်း၏ အရေးကြီးပုံနှင့် အလိုတော်ကို ရှာဖွေခြင်းကိုပြသခဲ့ပါသည်။ ဘုရားရှင်၏ အသံတော်ကိုကြားရန်နှင့် ဝတ်ပြုကိုးကွယ်ရန် ကျွန်ုပ်တို့စုဝေးကြသောနေရာကို =ဆုတောင်းရာ အိမ်တော်+ ဟု သိရှိထားကြပါသည် (မဿဲ ၂၁း၁၃)။

# တပည့်တော်၏ ဆုတောင်းခြင်းအသက်တာ

ဤဆုတောင်းခြင်းနှင့် ပတ်သက်သောပို့ချမှုသည် တပည့်တော်များက သခင်ယေရှုကို မေးခဲ့သည့် သီးခြားမေးခွန်းများမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ ဆုတောင်းခြင်းနှင့်ပတ်သက်၍ သခင်ယေရှု၏ အမျိုးမျိုးသော ပြောကြားချက်များကြောင့် တပည့်တော်တချို့တို့သည် ဇဝေဇဝါဖြစ်နေခဲ့ကြပြီး မည်ကဲ့သို့ ဆုတောင်းရမည်ကို သိနားလည်ခြင်း မရှိခဲ့ကြတော့ပါ (လုကာ ၁၁း၁)။ သူတို့၏ မေးခွန်းကိုဖြေ ကြားရင်း သခင်ယေရှုသည် ပဌနာတော်ဟု လူသိများထင်ရှားပြီး ကမ္ဘာတစ်ဝှမ်း လူသန်းပေါင်းများစွာ အသိအမှတ်ပြုကြသည့် ဆုတောင်းချက်ကို သင်ကြားပေးခဲ့ပါ သည်။ ဤစာစောင်ငယ်တွင် သခင်ယေရှုက တပည့်တော်များအား ဆုတောင်းခြင်း အကြောင်း သင်ကြားပေးရန် ကြိုးပမ်းခဲ့ခြင်းနှင့် ပတ်သက်သည့် ထိုးထွင်းသိမြင်မှု အချို့ကိုပေးရန် ကျွန်ုပ်တို့မျှော်လင့်ပါသည်။ တပည့်တော်တို့အား ကိုယ်တော်က ဆု တောင်းရမည့် နည်းလမ်းများစွာကို သင်ကြားပေးခဲ့ပါသည်။

ကျွန်ုပ်တို့သည် ပထမဆုံးအနေဖြင့် ဤသင်ခန်းစာနှင့် ပတ်သက်၍ အရေးကြီးသော စာလုံးအချို့ကို ကြည့်ကြပါစို့။ ကျွန်ုပ်တို့၏ ခရစ်တော်၌ ဆုတောင်းခြင်း အသက်တာကို ကြီးပွါးစေရန် မျှော်လင့်သည်ဆိုပါက ဤစာလုံးများကို နားလည်ရန် လိုအပ်ပါသည်။

**ဆုတောင်းခြင်း** - တိုးလျှိုးတောင်းပန်းခြင်းတစ်ရပ် သို့မဟုတ် ဘုရားသခင်အား ရင်ဖွင့်တောင်းလျှောက်ခြင်း၊ လိုက်လိုက်လှဲလှဲ တောင်းပန်ခြင်းတစ်ရပ် သို့မဟုတ် ဆန္ဒ၊ *သံတူကြောင်းကွဲ* - ဆက်သွယ်ခြင်း၊ အလေးအမြတ်ထားခြင်း၊ တိုင်တည်ခြင်း၊ အတုံ့အပြန်ဆုတောင်းခြင်း၊ တိုးလျှိုးခြင်း၊ အသနားခံခြင်း၊ အသနားခံစာတင်ခြင်း၊ လျှောက်လဲခြင်း၊ မေတ္တာရပ်ခံခြင်း။

**ဆက်သွယ်ခြင်း** - သတင်းအချက်အလက်ပေးပို့ခြင်း သို့မဟုတ် ထပ်ဆင့်လွှင့် ခြင်းနှင့် လက်ခံရယူခြင်းတို့ကို ဆောင်ရွက်မှု သို့မဟုတ် လုပ်ဆောင်ပြီးစီးမှု၊ လူများအကြား သို့မဟုတ် နေရာအကြားလက်လှမ်းမီမှု၊ အတွေးအခေါ် သို့မဟုတ် သဘောထားများကိုဖလှယ်မှု။ *သံတူကြောင်းကွဲ* *အသန့်ရှင်းဆုံးသော နေရာသို့ တိုးဝင်ခြင်း။*

- ထပ်ဆင့်လျှင့် ခြင်း၊ သယ်ဆောင်ယူခြင်း၊ ဖွင့်လှစ်ပြခြင်း၊ အသံလွှင့်ခြင်း၊ ဆက်သွယ်ခြင်း၊ စကားပြောဆိုခြင်း၊ ပြန်လှန်ပြောဆိုခြင်း။

အထက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက် (၂) ရပ်အရ ဆုတောင်း ခြင်းသည်မိတ်ဆွေတစ်ယောက်နှင့် စကားပြောသကဲ့သို့ ဘုရားသခင်နှင့် ဆက်သွယ်ခြင်းမျှသာ ဖြစ်ပါသည်။ ဟုတ်ပါသည်၊ တရားဝင်ဆုတောင်းပုံ အမျိုးအစားများသည် အလုပ်လုပ်ပါသည်။ သို့ရာတွင် အကောင်းဆုံး ဆုတောင်းခြင်းများမှာ ချစ်ခြင်းမေတ္တာနှလုံးသားမှသာ စီးဆင်းထွက်ပေါ်လာ ပြီး ခရစ်တော်ယေရှုနှင့် ပေါင်းသင်းဆက်ဆံခြင်းသာ ဖြစ်ပါသည်။

ကျွန်ုပ်တို့တွင်ရှိသော ပေါင်းသင်းဆက်ဆံမှုသည် ရိုသေလေးမြတ်ခြင်းရှိသင့်ပြီး သစ်ကိုင်းသည်သစ်ပင်နှင့် ဆက်စပ်ထားသကဲ့သို့ (ယော ၁၅း၄) ဘုရားရှင်ကို ဆက်သွယ်ခြင်း ဖြစ်သင့်ပါသည်။ အကိုင်းများသည် အသီးများကို သီးကြမည်ဖြစ်ပြီး အသီးများကို ပြန်လည်စိုက်ပျိုးပါက ကြီးထွားလာပြီး နဂိုလ်မူလအပင်အတိုင်း ပြန် လည်ဖြစ်လာပါလိမ့်မည်။ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံခြင်းသည် ခွန်အား ကြီးထွားမှုနှင့် ရင့်ကျက်မှုကို ရရှိစေပါလိမ့်မည်။ အောက်တွင်ဆုတောင်းခြင်းနှင့် ပတ် သက်သည့် သခင်ယေရှုညွှန်ကြားချက်များကို တွေ့မြင်ရပါမည်။

**မဿဲ ၆း ၅-၁၅**

*သင်သည် ဆုတောင်းပဌနာပြုသောအခါ လျှို့ဝှက်သော သူတို့နည်းတူ မပြု နှင့်။ ထိုသူတို့သည် လူများတို့ရှေ့မှာ ထင်ရှားစေခြင်းငှာ ပွဲသဘင်၊ လမ်းဆုံ လမ်းဝတို့၌ ရပ်လျက်ဆုတောင်းခြင်းငှာ အလိုရှိကြ၏။ ငါအမှန်ဆိုသည် ကား၊ ထိုသူတို့သည် မိမိတို့အကျိုးကို ခံရကြ၏။ သင်သည် ဆုတောင်း သောအခါ ဆိတ်ညံရာအခန်းသို့ ဝင်၍ တံခါးကိုပိတ်ပြီးမှ မထင်ရှားသော အရပ်၌ရှိတော်မူသော သင်၏အဘကို အသန့်ရှင်းဆုံးသော နေရာသို့ တိုးဝင်ခြင်း။*

*ဆုတောင်းလော့။ မထင်ရှားသော အရာကိုမြင်တော်မူသော သင်၏အဘသည် အကျိုးကို ထင်ရှားစွာပေးတော် မူလတံ့။ သင်တို့ ဆုတောင်းသောအခါ သာသနာပလူနည်းတူ အချည်း အနှီးသောစကားဖြင့် အထပ်ထပ် မမြွက်ကြနှင့်။ ထိုသူတို့သည် များစွာ သော စကားအားဖြင့် မိမိတို့အလိုပြည့်စုံမည်ဟု ထင်မှတ်ကြ၏။ ထိုသူတို့ နည်းတူ မပြုကြနှင့်။ အကြောင်းမူကား သင်တို့အလိုရှိသမျှတို့ကို သင်တို့ မတောင်းမှီ သင်တို့အဘ သိတော်မူ၏။ ထို့ကြောင့် သင်တို့ ဆုတောင်းရ မည်မှာ -*

**ကောင်းကင်ဘုံ၌ရှိတော်မူသော အကျွန်ုပ်တို့အဘ၊**

**ကိုယ်တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်း ရှိပါစေသော။**

**နိုင်ငံတော် တည်ထောင်ပါစေသော။**

**အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံ ပါစေသော။**

**အသက်မွေးလောက်သော အစာကို အကျွန်ုပ်တို့အား ယနေ့ပေးသနား တော်မူပါ။**

**သူတစ်ပါးသည် အကျွန်ုပ်တို့ကိုပြစ်မှားသော အပြစ်များကို အကျွန်ုပ်တို့ သည် လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏ အပြစ်များကိုလွှတ်တော်မူပါ။**

**အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ၊**

**မကောင်းသော အမှုအရာမှလည်း ကယ်နှုတ်တော်မူပါ။**

**အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအဆက်ဆက် ကိုယ်တော်၌ရှိပါ၏။ အာမင်။**

*သင်တို့သည် သူတစ်ပါးတို့၏ အပြစ်ကိုလွှတ်လျှင် ကောင်းကင်ဘုံ၌ ရှိ တော်မူသော သင်တို့အဘသည် သင်တို့၏ အပြစ်ကို လွှတ်တော်မူမည်။ သင်တို့ သည် သူတပါးတို့၏ အပြစ်ကို မလွှတ်လျှင် သင်တို့အဘသည် သင်တို့၏ အပြစ်ကို လွှတ်တော် မမူ။*

# တပည့်တော်၏ ဆုတောင်းခြင်းအသက်တာ

တပည့်တော်များသည် သခင်ယေရှု၏ သွန်သင်ချက်များကို နားထောင်နေခဲ့ကြပါသည်။ တောင်ပေါ်ဒေသနာနှင့် မင်္ဂလာတရားတော်များကို ပေးပြီးနောက် သခင်ယေရှုသည် လူများကို ပေါင်းသင်းဆက်ဆံမှုများအကြောင်းနှင့် ဆုတောင်းခြင်း နှင့်ပတ်သက်သော အခြားအကြောင်းအရာများကို ညွှန်ကြားပြသခဲ့ပါသည်။ သခင် ယေရှုပေးခဲ့သော အကြောင်းချင်းရာ (၄)ခုကို ကြည့်ကြပါစို့။

ပထမအနေဖြင့် သခင်ယေရှုက သူတို့ကို ဒုတိယမိုင်သွားရမည့်အကြောင်းကို ဝေငှခဲ့ပါသည် (မဿဲ ၅း၄၁)။ သခင်ယေရှုခေတ်ကာလတွင် ဂျူးများသည် ရောမ လက်အောက်တွင် ရောက်ရှိနေချိန်ဖြစ်ပြီး ထိုခေတ်အခါတွင် စစ်သားတစ်ယောက် သည် သင့်ကို သူတို့၏ အထုပ်အား တစ်မိုင်ခရီးအထိ သယ်ခိုင်းစေတတ်ပါသည်။ ယင်းလုပ်ရပ်သည် ဂျူးများအဖို့ အလွန်အောက်တန်းကျသော လုပ်ရပ်ဖြစ်ပါသည်။ အကြောင်းမှာ တစ်ပါးအမျိုးသားတစ်ဦး (ဂျူးဥပဒေသအရ၊ မသန့်ရှင်းသောဟု ယူဆ သူ) ပိုင်သော အရာတစ်စုံတစ်ခုကို သယ်ဆောင်ရသည့် သဘောဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။ သို့ရာတွင် သခင်ယေရှုက သူတို့ကို နားလည်သဘောပေါက်စေချင် သည်မှာ သူတို့၏ သဘောထားကို ပြောင်းလဲနိုင်ပြီး ယင်းဝန်ထုပ်ကို နှစ်မိုင်ခရီးအထိ သယ်ယူပေးပါက (အတင်းအဓမ္မမဟုတ်၊ မေတ္တာဖြင့်) သူတို့သည် မိတ်ဆွေတစ်ဦး ရရှိလာပါလိမ့်မည်။

ဒုတိယအနေဖြင့် ကိုယ်တော်က သူတို့၏ ရန်သူများကို ချစ်ရန်ညွှန်ကြားပြသခဲ့ပါသည်။ အစ္စရေးနိုင်ငံသည် သူတို့၏ မြေနှင့် သယံဇာတများကို ရယူလိုသော ထိုမျှမက သူတို့ကိုသတ်ဖြတ်လိုသောသူများ ဝိုင်းရံလျက်ရှိပါသည်။ သို့ရာတွင် သခင် ယေရှု ကက္ကသရေလလူတို့ကို ရန်သူကိုပင် ချစ်ရန်သင်ကြားခဲ့ပါသည်။ သမ္မာကျမ်းစာ တော်မြတ်က ဘုရားသခင်သည် တရားသဖြင့် စီရင်သူဖြစ်ပြီး အချိန်တန်သောအခါ အရာအားလုံးကို ဖြောင့်မတ်စေလိမ့်မည်ဖြစ်ကြောင်း ဖေါ်ပြပါသည် (မဿဲ ၅း၄၃)။

တတိယအနေဖြင့် ယေရှုက ဆင်းရဲသားများသည် ကျွန်ုပ်တို့အကြားတွင် အမြဲရှိနေမည်ဟု ရှင်းရှင်းလင်းလင်းသိစေခဲ့ပါသည်။ အသင်းတော်ကို စတင်တည်ထောင်ကြသောအခါ တမန်တော်တို့သည် ဆင်းရဲသားနှင့် နွမ်းပါးသူတို့၏ ဝတ်ကိုကြည့်ရှုစောင့်မရန် အသင်းတော်လူကြီးများနေရာကို တာဝန်အပ်နှင်းခဲ့ကြပါသည် (တမန် ၆း၁-၆)။ အချိန်အတော်များများ ဆင်းရဲသားများကို မည်သို့ကူညီ မစရမည်ဆိုခြင်းနှင့်အမှန်တကယ် လိုအပ်ချက်ကို အသိအမှတ်ပြုရန် ခက်ခဲခဲ့ပါသည်။ ဆင်းရဲ သားများက ကြင်နာမှုကို အလွဲသုံးစားလုပ်ခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ မည်သို့ ပင်ဖြစ်စေကာမူ ကျွန်ုပ်တို့၏ အလုပ်မှာ ဆင်းရဲသူများနှင့် လိုအပ်နေသူများကို ကူညီ ရန်သာ ဖြစ်ပြီးဖြစ်ပေါ်လာမည့်အရာကို ဆုံးဖြတ်ချက်ပေးရန် မဟုတ်ပါ။

နောက်ဆုံးအနေဖြင့် ဘာသာရေးဆိုင်ရာသီလကြောင်များ ရှိကြပါသည်။ သူတို့သည် ဝိညာဉ်ရေးဆိုင်ရာအခွင့်အာဏာဖြင့် ကျင့်သုံးပြောဆိုကြပါသည်။ သူတို့ ၏ အသက်တာများမှာ ပြောဆိုချက်နှင့် ဆန့်ကျင်ဖက် ထင်ဟတ်ကြပါသည်။ ထိုသူ တို့သည် မိမိတို့ကိုယ်တိုင်စောင့်ရှောက်ခြင်း သို့မဟုတ် လိုက်လျှောက်ခြင်း မပြုသော အလေးနှင့် ဝန်ထုပ်များကိုအခြားသူများအပေါ်တွင် တင်ကြပါသည်။ သခင်ယေရှုက သီလကြောင်များသည် အစဉ်ရှိနေကြောင်း သတိပေးခဲ့ပါသည်။ သူတို့သည် ရှည် လျားဆူညံသော ဆုတောင်းများကို ပြုကြမည်ဖြစ်သော်လည်း သူတို့၏ ဆုတောင်း သံကို ဘုရားရှင်နားညောင်းတော်မူမည် မဟုတ်ပါ။ ကျွန်ုပ်တို့အား သူတို့၏ နမူနာ အတိုင်းလိုက်လျှောက်ခြင်း မပြုရန်နှင့် (မဿဲ ၆း၅-၈) သူတို့၏ လှည့်ဖျားမှု နည်း လမ်းများကို သတိထားကြရန် ပြောကြားထားပါသည်။

ယင်းသွန်သင်ချက် (၄) ခုလုံးသည် လူတို့၏ သာမန်တွေးခေါ်ပုံနှင့် ဆန့်ကျင်နေပါသည်။ ခရစ်တော်က အထက်ပါ အခြေအနေများအတွင်း မေတ္တာပြနိုင်ရန် မှာ ဆုတောင်းခြင်းအားဖြင့်သာ ဖြစ်နိုင်ကြောင်း ပြသခဲ့ပါသည်။ ဆုတောင်းပြီး နောက် သူတို့သည် ဒုတိယမိုင်ကို သွားနိုင်လာပါလိမ့်မည်။ ရန်သူကို

ချစ်လာပါမည်။ ဆင်းရဲသားများနှင့် နွမ်းပါးသူများကို ချစ်လာမည်ဖြစ်ပြီး သီလကြောင်များကိုပင် ချစ်လာပါမည်။

သခင်ယေရှုက တမန်တော်များအား ဆုတောင်းခြင်းသည် ဘုရားနှင့် သူတို့ အကြားရှိ ထူးခြားသော လက်ဆောင်တစ်ရပ်ဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါသည်။ သူတို့လျှို့ဝှက်စွာ တောင်းလျှောက်သော ထိုအရာများကို ဘုရားရှင်သည် ပွင့်လင်းစွာ ကောင်းကြီးပေးလိမ့်မည် ဖြစ်ပါသည်။ မည်သည့်နေရာတွင်မဆို ကိုယ်တော်ရှင်၏ ရှေ့တော်မှောက်သို့ ဆုတောင်းခြင်းဖြင့် လာရောက်နိုင်ပါသည်။ သူတို့ဆုတောင်းခြင်း ၌ အကျိုးမရှိသော ထပ်တလဲလဲရွတ်ဆိုမှုများ အဖန်တရာပြုလုပ်ခြင်း၊ တူညီသော စကားလုံးများနှင့် တူညီသောလုပ်နည်းတို့ကို အသုံးမပြုရန် သခင်ယေရှုက အကြံပြု ဆွေးနွေးခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်စုံတစ်ဦးသည် ယင်းကဲ့သို့ ပြုလုပ်မည်ဆိုပါက ဆုတောင်းခြင်း၏ အဓိပ္ပါယ်ပျောက်ဆုံးသွားပြီး သူတို့၏ ဆုတောင်းခြင်း များသည် မေတ္တာစိတ်မှလာခြင်း မဟုတ်တော့ပဲ သို့တည်းမဟုတ် ဆုတောင်း သူ၏ နှလုံးသားသည်းပွတ်ထဲမှလာခြင်း မဟုတ်တော့ပါ။ ဆုတောင်းခြင်းသည် ဘုရားရှင် နားညောင်းမည့် သင့်နှုတ်မှရွတ်ဆိုသောစကားလုံး ပမာဏ မဟုတ်ပါ။ ယင်းသည် သမ္မာတရားစကားလုံးများနှင့် နှလုံးသားမှ စစ်မှန်စွာလာသော စကားလုံးများသာဖြစ် ပါသည်။

သခင်ခရစ်တော်က တမန်တော်များအား လောကီနှင့်ဆိုင်သော အရာများ နှင့် ဝေးကွာသောနေရာ =ဆုတောင်းရာအခန်း+ ကဲ့သို့သော နေရာတစ်ခုကို ရှာသင့် ကြောင်း သင်ကြားခဲ့ပါသည်။ သခင်ယေရှုသည် ရံဖန်ရံခါဆိတ်ငြိမ်ရာ အရပ် တစ်ခုသို့ ထွက်ကြွသွားတတ်ပါသည်။ ကိုယ်တော်သည် ယေရှုရှလင်မြို့ကို အပေါ်စီးမှ မြင်နေရသော သံလွင်တောင်ပေါ်သို့ တက်ကြွသွားတတ်ပါသည်။ ထိုနေရာတွင် သူ၏ နှလုံးသားကို ဘုရားရှင်ထံ သွန်ချတတ်ပါသည်။ တစ်ခါတစ်ရံ တစ်ကိုယ်တော် တည်းဖြစ်ပြီး တစ်ခါတစ်ရံရင်းနှီးသော တမန်တော်အချို့နှင့် သွားလေ့ရှိပါသည်။

# တပည့်တော်၏ ဆုတောင်းခြင်းအသက်တာ

ဖေါ်ပြခဲ့သည့်အတိုင်း ပဌနာတော်သည် သခင်၊ ကျွန်ုပ်တို့ မည်ကဲ့သို့ ဆုတောင်းရမည်နည်း။ ကောင်းကင်ဘုံ၌ ရှိသောအဘထံ ကျွန်ုပ်တို့၏ တောင်းလျှောက်ခြင်းများ ရောက်၊ မရောက် မည်ကဲ့သို့ သိနိုင်ပါမည်နည်း။ ကျွန်ုပ်တို့ ဘာပြောသင့်ပါသနည်း စသည့် မေးခွန်းများမှ ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ယင်း ဆုတောင်းချက်ကို ကမ္ဘာတစ်ဝှမ်းလုံးရှိ အသင်းတော်များတွင် ယနေ့တိုင် အသုံးပြု လျက်ရှိပါသည်။ ပဌနာတော်တွင် အနည်းဆုံးအဓိက အစိတ်အပိုင်း (၇) ခု ပါဝင်နေပြီး ကျွန်ုပ်တို့ သိရန်အရေးကြီးကာ ကျွန်ုပ်တို့၏ နေ့စဉ်ဆုတောင်းခြင်း အသက်တာတွင် အသုံးပြုကြ ရမည်ဖြစ်ပါသည်။

## ကျွန်ုပ်တို့၏ အဘ

ကျွန်ုပ်တို့၏ ဆုတောင်းခြင်းအား အဘကို အာရုံစူးစိုက်ခြင်းဖြင့်အစဉ်စတင် သင့်ပါသည်။ =ကျွန်ုပ်တို့အဘ+ ဟု ရွတ်ဆိုလိုက်ခြင်းဖြင့် ကျွန်ုပ်တို့၏ ဆုတောင်းခြင်း သည် ဘုရားရှင်နှင့် ကိုယ်တိုင်ဆက်သွယ်မှုဖြစ်ကြောင်း ဖေါ်ပြပါသည်။ ကျွန်ုပ်တို့ သည် နာမတော်ကို ရိုသေလေးမြတ်ခြင်းရှိရမည် ဖြစ်ပါသည်။ သခင်ယေရှု၏ စိတ်ထဲ တွင် အဘသည် အစဉ်ရှိနေပါသည်။ ခရစ်ဝင်ကျမ်းများထဲတွင် အဘနှင့် ပတ်သက် သော သွန်သင်ချက်များစွာ ပါရှိပါသည်။ အဘကို မည်ကဲ့သို့ သိနိုင်ပါမည်နည်းဟု မေးလာသောအခါ ယေရှုက ငါ့ (ယေရှု) ကို သိသောသူသည် အဘကို သိလိမ့်မည် ဟု တုံ့ပြန်ခဲ့ပါသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း အခန်းကြီး (၁၄) ၌ ကျွန်ုပ်တို့တွင် အဘနှင့် ရှိရမည့် တည်မြဲသော ဆက်နွယ်မှုအကြောင်းကို ဖေါ်ပြထားပါသည်။ သားတော်ကို စေလွှတ်တော်မူသောသူသည် အဘဖြစ်ပြီး၊ ကျွန်ုပ်တို့အား သင်ကြား ရန်နှင့် အားပေးရန် သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်မည့်သူမှာလည်း အဘ ပင်ဖြစ်ကြောင်း ကျွန်ုပ်တို့ သင်ကြားရပါသည်။

## ကျွန်ုပ်တို့အဘ၏ အလိုတော်

ကျွန်ုပ်တို့ဆုတောင်းရမည်မှာကိုယ်တော်၏ အလိုတော်ပြည့်စုံပါစေသောဟု ဖြစ်ပါသည်။ ဘုရားရှင်တွင် ကျွန်ုပ်တို့အသက်တာများအတွက် အကြံအစည်တော်ရှိပြီးဖြစ်ပါက ဤမြေကြီးပေါ်တွင် ဖြည့်ဆည်းရမည့်အရာများအတွက်လည်း အသေးစိတ် အစီအစဉ်ရေးဆွဲထားပြီး ဖြစ်ပါသည်။ ထိုစီမံချက်အတိုင်း ကျွန်ုပ်တို့ တသွေမတိမ်း လိုက်လျှောက်ရန် အရေးကြီးပါသည်။ ကျွန်ုပ်တို့ ရင်ဆိုင်ရမည့် အကြီးဆုံးစစ်မြေပြင်မှာ ကျွန်ုပ်တို့၏ အလိုဆန္ဒများဖြစ်ပါသည်။ ယင်းသည် ကျွန်ုပ်၏ အလိုလား၊ ကိုယ်တော်၏ အလိုလား။ ကိုယ်တော်၏ အလိုတော်သည်သာ ကျွန်ုပ်၏ အသက်တာအတွက် မှန်ကန်သောလမ်းဖြစ်ကြောင်း ကျွန်ုပ်တွင်ယုံကြည် ချက်ရှိပါရဲ့လား။

ကယ်တင်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့ အလိုများ သေဆုံးသွားခဲ့ပြီး ကိုယ်တော် အတွက်အသက်ရှင်ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ ဤမျှရုန်းကန်နေရခြင်း၏ အကြောင်းရင်းမှာ ခရစ်တော်ကို အရှင်သခင်နှင့် ကယ်တင်ရှင်အဖြစ်ရရှိခြင်းသည် မည်သို့သော အဓိပ္ပါယ်ရှိသနည်းဆိုခြင်းကို နားမလည်သောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အလိုက ကျွန်ုပ်တို့အား အဖက်ဖက်မှ တိုက်ခိုက်လျှက်နေပါ သည်။ ကျွန်ုပ်တို့ နားလည်သဘောပေါက်လာသည်နှင့် တပြိုင်နက် ကျွန်ုပ်တို့၏ အလိုများကို မြေ✘မှုပ်သင်္ဂြိုလ်လိုက်ရန် လိုအပ်ကြောင်း တွေ့လာပါလိမ့်မည်။ ကျွန်ုပ်တို့သည် ယခုအခါ ဘုရားသခင်၏ နှလုံးသားရှိသော အသစ်သောသတ္တဝါ ဖြစ်လာပြီး ကျွန်ုပ်တို့သည် ကိုယ်တော်၏ အစေခံနှင့် ဘဏ္ဍာစိုးများ ဖြစ်လာပါသည်။ ရှင်ပေါလုက ကျွန်ုပ်တို့အား နေ့စဉ်အသေခံကြရန် ပြောပါသည်။ အကယ်၍ ကျွန်ုပ်တို့အသေခံခြင်း မပြုပါက ကျွန်ုပ်တို့၏ အလိုက အနိုင်ယူရန် ကြိုးပမ်းလိမ့်မည်ဖြစ်ပြီး ကျွန်ုပ်တို့သည် ဘုရားကို ဦးထိပ်ထားသူများ ဖြစ်ရမည့်အစား လောကကို ဦးထိပ်ပန်ဆင်သူများဖြစ်လာပါလိမ့်မည် (၁ကော ၁၅း၃၁)။

## ကျွန်ုပ်တို့အဘ၏ အသက်မွေးလောက်သောအစာ

လူတို့၌ ရှိသောအခြခံလိုအပ်ချက်များထဲမှတစ်ခုမှာ အစာအတွက်ဖြစ်ပါသည်။ ပေါင်မုန့်ကို ခန္ဓာကိုယ်အစာအတွက် လိုအပ်သကဲ့သို့ ကျွန်ုပ်တို့၏ ဝိညာဉ်ခွန်အား အတွက်ဝိညာဉ် အစာအဟာရလည်း လိုအပ်ပါသည်။ ပဌနာတော်၏ ဤအပိုင်းသည် ဘုရားသခင် ကောင်းကင်မှချပေးသောမုန့် (မန္နမုန့်) အချိန်အခါကို အမှတ်ရစေသည့်အပြင် ယင်းဆုတောင်းချက်သည် ရှေ့တော်စားပွဲပေါ်ရှိ ရှေ့တော်မုန့် (ဘုရားသခင်မျက်မှောက်၌ ရှိခြင်းကို ကိုယ်စားပြုသည့်မုန့်) ကိုလည်း သတိရစေ ပါသည်။

သခင်ယေရှုသည်ထ၍ ==ငါသည် အသက်မုန့်ဖြစ်၏++ ဟု ကြွေးကြော်ခဲ့ပါ သည်။ ခရစ်တော်သည် လိုအပ်လျှက်ရှိသော ဝိညာဉ်အတွက် မုန့်နှင့် ရေ ဖြစ်ပါသည် (ယော ၆း၃၅နှင့်၄၈)။ ပွဲတော်မင်္ဂလာကို ပြန်ပြောင်းစဉ်းစားမည်ဆိုပါက သခင်ယေရှု သည် သူ၏ ချိုးဖွဲ့သော ကိုယ်အဖြစ်မုန့်ကို ချိုးဖွဲ့ခဲ့ပါသည်။

## ကျွန်ုပ်တို့အဘ၏ ခွင့်လွှတ်ခြင်း

အပြစ်လွှတ်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့ နယ်ပယ်နှစ်ခုကို ကြည့်ကြပါစို့။ တစ်ခုမှာ ကျွန်ုပ်တို့နှင့် ဘုရားရှင်တို့အကြား အပြစ်ကို ခွင့်လွှတ်ခြင်းဖြစ်ပြီး နောက် တစ်ခုမှာ လူသားတစ်ယောက်နှင့်တစ်ယောက်အကြား အပြစ်လွှတ်ခြင်းဖြစ်ပါသည် (၂ကော ၂း၁၀)။ ကျွန်ုပ်တို့သည် ဘုရားရှင်ကို ပြစ်မှားရန် (တမန် ၁၀း၄၃) နှင့် အချင်းချင်း တစ်ယောက်ကိုတစ်ယောက် အပြစ်ပြုရန်ဆိုသည့် ကျရှုံးခြင်းသဘော သဘာဝကို သယ်ဆောင်လျှက်ရှိနေပါသည်။ ကျွန်ုပ်၏ စိတ်ထားနှင့်နှလုံးသားတို့ကို ခရစ်တော်၏ အသွေးတော်နှင့် ဖုံးလွှမ်းထားရမည်ဖြစ်ပြီး ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်ကို လွှတ်သကဲ့သို့ တစ်ယောက်ကိုတစ်ယောက် အပြစ်လွှတ်ကြရပါမည်

(ဇဖက် ၄း၃၂)။ အပြစ် မလွှတ်ခြင်းသည် လူတို့အကြား အဟန့်အတား ဖြစ်စေပြီး အသင်းတော်အတွင်း စည်းလုံးမှုနှင့် သဟဇာတဖြစ်မှုကို ဖျက်ဆီးပစ်ပါသည်။

## ကျွန်ုပ်တို့အဘ၏ ဦးဆောင်မှု

သိုးထိန်းတစ်ဦးအနေဖြင့် ကျွန်ုပ်တို့၏ အဘသည် ကျွန်ုပ်တို့အသက်တာ၏ နေ့စဉ်တိုင်းတွင် ရှေ့ဆောင်လမ်းပြနေလိမ့်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အားအပြစ် သွေးဆောင်ရာသို့ ကျရောက်ခြင်း မရှိစေရန် ကျွန်ုပ်တို့အနေဖြင့် ကိုယ်တော်၏ လမ်းညွှန်မှုတို့ကို ရှာဖွေရန်လိုအပ်ပါသည်။ ကိုယ်တော်က ကာကွယ်ပေးမည်ဖြစ်သောကြောင့်ဖြစ်ပါသည်။ အပြစ်သွေးဆောင်ခြင်းသည် ကျွန်ုပ်တို့ကို ဝန်းရံလျက်ရှိပြီး စာတန်၏ ရည်မှန်းချက်မှာ ကျွန်ုပ်တို့အား လဲချော်စေရန်နှင့် လိမ့်ကျစေရန်ဖြစ်ပါ သည်။ သူသည် အာဒံနှင့်ဧဝမှ စပြီး လူသားအားလုံးကို အပြစ်သားဗီဇ ရှိစေခြင်းကို ဖြစ်ပေါ်စေခဲ့ပါသည်။ သူသည် ခရစ်တော်အပေါ် ထိုနည်းတူ သွေးဆောင်မှုမျိုးကို ပြုခဲ့ပြီး သင့်ကိုလည်း ကျရှုံးစေရန် ကြိုးပမ်းလျက်ရှိပါသည်။ စာတန်သည် ကျွန်ုပ်တို့ အား ကျွန်ုပ်တို့၏ နှလုံးသားများနှင့် စိတ်နှလုံးများထဲတွင် တိုက်ပွဲဝင်နေရသော အရာများဖြစ်သော ကျွန်ုပ်တို့၏ တစ်ကိုယ်ရေ ရုန်းကန်မှုများအပေါ်တွင်သာ အာရုံ စိုက်နေစေရန် အလိုရှိပြီး ဘုရားရှင်နှင့် ဝေးရာသို့ တွန်းပို့နေပါသည်။

## ကျွန်ုပ်တို့အဘ၏ ကယ်နှုတ်ခြင်း

ရန်သူသည် ကျွန်ုပ်တို့အား မျှော်လင့်ချက်ပျက်သုန်းပြီး လက်မြှောက်အရှုံး ပေးစေလိုပါသည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် မကောင်းသောအမှုအရာမှ ကယ်နှုတ်ရန် ဆုတောင်းနေရခြင်းဖြစ်ပါသည်။ ယင်း မကောင်းသောအမှုအရာများမှာ ဘုရားမဆန်သော သို့မဟုတ် အထက်မဆန်သော လုပ်ဆောင်မှုများ ဖြစ်ကြပါသည်။ မကောင်းမှုများသည် ဖျက်ဆီးရန်၊ သွေးခွဲရန်၊ ဆုတ်ဖြဲပစ်ရန်နှင့် သတ်ဖြတ်

ရန်ရှာကြံနေပါသည်။ ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း အသံများစွာကို ရင်ဆိုင်နေရပါသည်။ ယင်းတို့အကြား လျှောက်လှမ်းသွားရန် ဘုရားရှင်၏ အကူအညီကို ကျွန်ုပ်တို့ လိုအပ်ပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့အား စာတန်၏ အခိုင်အမာစခန်းမှ ကယ်နှုတ်ရန် ကျွန်ုပ်တို့အား ချည်နှောင်ထားသော အပြစ်မှ ကယ်နှုတ်ရန် အလိုတော်ရှိပါသည်။ ကျွန်ုပ်တို့အား ကယ်နှုတ်တော်မူနိုင်သော အဘ၏ တန်ခိုးတော်ကို မရဏာတံခါးတို့ပင် မနိုင် နိုင်ပါ (မဿဲ ၁၆း၁၈)။

ကျွန်ုပ်တို့သည် ဘုရား၏သားများ မဖြစ်မီ ဤလောကကို အုပ်စိုးသောသူ၏သားများဖြစ်ခဲ့ကြပါသည်။ စာတန်သည် လူများကို အနှောင်အဖွဲ့နှင့် သေခြင်းတို့တွင် ထားရှိနေစဉ် အဘသည်ခရစ်တော်၏ အသွေးတော်အားဖြင့် ကျွန်ုပ်တို့ထံလာပြီး ကျွန်ုပ်တို့အား ရန်သူများ၏ အခိုင်အမာစခန်းမှ ကယ်နှုတ်တော်မူခဲ့ပါသည်။

## ကျွန်ုပ်တို့အဘ၏ ဘုန်းတန်ခိုးအာနုဘော်

အဘက ကျွန်ုပ်တို့အား သူ၏ခွန်အားနှင့် အစွမ်းအစများဖြင့် လျှောက်လှမ်း ရန်သာ တောင်းဆိုနေပါသည်။ ယေရှုက ငါသည် သင်တို့အား အရာခပ်သိမ်းကို သင်ကြားပေးရန်နှင့် ဦးဆောင်လမ်းပြရန် သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ် ပေးရန် ခမည်းတော်အား မေတ္တာရပ်ခံမည်ဟု ပြောခဲ့ပါသည်။ သခင်ယေရှုသည် သူ့ ကိုယ်ကို ချီးမြှောက်ခြင်းထက် ခမည်းတော်အားသာ ချီးမြှောက်ခဲ့ပါသည်။ ကျွန်ုပ်တို့ သည် နေ့စဉ်သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကိုယ်ကိုကိုယ်ခွန်အား ဖြည့်တင်း ရန် လိုအပ်ပါသည်။ ကိုယ်တော်၏ အာဏာစက်အတွင်း မည်ကဲ့သို့ လျှောက်လှမ်းရမည်ကို သင်ကြားရပါမည်။ ခရစ်တော်က အကယ်စင်စစ် မိမိအားသေခြင်းမှ ထမြောက်စေသော ထိုတန်ခိုးသည် ကျွန်ုပ်တို့အထဲတွင် ရှိနေသည်ဟု ပြောခဲ့ပါသည်။ ထိုတန်ခိုးတော်ကြောင့် ကျွန်ုပ်တို့၏ သက်သေခံချက်အားဖြင့် ဘုရားရှင်ကို ဂုဏ်တော်ချီးမြှောက်ခြင်းနှင့် ချီးမွမ်းထောမနာပြုခွင့် ရကြပါသည်။

ကိုယ်တော်သည် ပဋ္ဌနာတော်ကို ==ကမ္ဘာအဆက်ဆက် ကိုယ်တော်၌ ရှိပါစေသော်၊ အာမင်++ ဟု အဆုံး သတ်ခဲ့ပါသည်။ ယင်းအချက်က ဘုရားသခင်တွင် အချိန်ကန့်သတ်ချက် မရှိ ဟူသော အချက်ကို ကျွန်ုပ်တို့အား ဖော်ပြနေပါသည်။ ဘုရားရှင်တွင် အစလည်း မရှိ၊ အဆုံး လည်း မရှိပါ။ ==အာမင်++ ဟူသော စကားလုံး၏ အဓိပ္ပါယ်မှာ =ဘုရားရှင် ဤအတိုင်း ဖြစ်ပါစေ+ ဟု ဖြစ်ပြီး ယင်းသည် ကျွန်ုပ်တို့ ဘုရားရှင်ထံ ဆုတောင်းခြင်းဖြင့် မည်သို့ ချဉ်းကပ်ရန် လိုအပ်ကြောင်း ဖြစ်ပါသည်။

ပဋ္ဌနာတော်၏ နောက်မှ အလေးအနက်ပြုထားသော အောက်ခြေ မှတ်စုတစ်ခုမှာ အပြစ်လွှတ်ခြင်း ဖြစ်ပါသည်။ သခင်ခရစ်တော်နှင့် အတူ လျှောက် လှမ်းသည့်ခိုင်မြဲသော တပည့်တော်ဖြစ်မှု၏ သော့ချက်မှာ မိမိကိုယ်နှင့် အခြားသူများ အကြား ဆက်သွယ်မှုများကို မှန်မှန်ကန်ကန်ထားရှိခြင်းပင် ဖြစ်ပါသည်။ သခင်ခရစ် တော်က ကျွန်ုပ်တို့၏ ပေါင်းသင်းဆက်ဆံမှု (လူများအား ကျွန်ုပ်တို့ မည်သို့ပြုမူ ပြောဆို) သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများအား ဘုရားရှင်မည်သို့ မည်ပုံ လက်ခံကြားနာသည်ဆိုခြင်းအပေါ် အကျိုး သက်ရောက်ကြောင်း သင်ကြားခဲ့ပါ သည်။

ဥပမာအားဖြင့် ရှင်ပေတရုက လင်နှင့်မယားပေါင်းသင်းဆက်ဆံမှုနှင့် ပတ်သက်၍ အလားတူ သတိပေးမှုပြုလုပ်ခဲ့ပါသည်။ *ထိုနည်းတူ ယောကျ်ားတို့ ဆုတောင်းခြင်းအမှု၌ အဆီးအတား မရှိစေခြင်းငှာ အသက်ရှင်ခြင်းကျေးဇူးတော်ကို ဆက်ဆံ၍ အမွေခံရသောသူချင်းကဲ့သို့ သတိပညာနှင့်လျော်စွာ ကိုယ်ခင်ပွန်းနှင့် အတူနေ၍ အားနည်းသောသူက ပြုသင့်သည့်အတိုင်း သူ့ကိုစောင့် မပြုစုကြလော့* (၁ပေ ၃း၇) လုပ်ဆောင်မှုသည် အပြောထက်ထိရောက်ပါသည်။

သခင်ယေရှုသည် ပဋ္ဌနာတော်ကို ထပ်ခါတလဲလဲရွတ်ဆိုရန် သင်ပေးခဲ့ခြင်း မဟုတ်ပါ။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းအသက်တာအတွက် အသုံးပြုနိုင်ရန် ဥပမာ

တစ်ရပ်ဖြစ်ရန်သာ ဖြစ်ပါသည်။ ကိုယ်တော်က ကျွန်ုပ်တို့၏ အတွေးအခေါ်နှင့် နှလုံးသားတို့ကို ထိန်းကြောင်းပေး၍ ကျွန်ုပ်တို့ အားလုံးလိုက်လျှောက်ရမည့် ပုံစံ တစ်ရပ်ကို ပေးခဲ့ခြင်းသာ ဖြစ်ပါသည်။

အသင်းတော်သည် ဆုတောင်းခြင်း၏ အရှိန်တန်ခိုးကို သိမြင်ခဲ့ပါသည်။ ယင်းသည် အနာရောဂါငြိမ်းစေခြင်းနှင့် ကယ်နှုတ်ခြင်းကို ဆောင်ကြဉ်းပေးပါသည်။ ယင်းသည် ဖမ်းသွားချုပ်ထားခြင်းခံနေရသူများကို ကယ်နှုတ်ရန် ထောင်တံခါးများကို ပင် ဖွင့်လှစ်ပေးပါသည်။ ဆုတောင်းခြင်းသည် သေလွန်သူများကိုပင် ရှင်ပြန်စေ ပါသည်။ ဆုတောင်းခြင်းကို သာသနာ့ဝန်ဆောင်အား ဆက်ကပ်ရန်အတွက် အသုံးပြု ခဲ့ပါသည်။ သူတို့အား အစေခံရန်အတွက် လက်တင်ခြင်းဖြင့် ခွဲခြားထားလိုက်ပါ သည်။ ကျွန်ုပ်တို့သည် ဘုရားရှင်အထံတော်မှ အသံတော်ကို နေ့စဉ်ကြားရန် လိုအပ် သည့်အတိုင်း ဆုတောင်းခြင်းသည် တပည့်တော်တိုင်း၏ အသက်တာတို့တွင် ဗဟို ချက်မ အစိတ်အပိုင်းဖြစ်သင့်ပါသည်။ သခင်ယေရှု၏ နှလုံးသားသည် ဆုတောင်း ခြင်းကို အဘနှင့် ဆက်သွယ်ရေးလမ်းကြောင်း၏ လိုအပ်သော အစိတ်အပိုင်းတစ်ရပ် အဖြစ်ဆောင်ကြဉ်းပေးပါသည်။ ထို့ပြင် ဆုတောင်းခြင်းသည် ကျွန်ုပ်တို့အား ခေါ်ယူ ရန် ဘုရားရှင်၏ နည်းလမ်းဖြစ်ပြီး အစေခံရန် ကျွန်ုပ်တို့အား နေ့စဉ်လမ်းညွှန်မှု ပေးပါသည်။

ဆုတောင်းခြင်းတွင် စည်းစနစ်တကျရှိခြင်းနှင့် ကိန်းကြီးခန်းကြီး မဟုတ် သော သမာရိုးကျနှင့် လွတ်လွတ်လပ်လပ်ရှိခြင်းဟူ၍ (၂) မျိုးရှိသည်ဟု ထင်မှတ် စရာ ရှိပါသည်။ ဆုတောင်းရာ အချိန်များသည် တိတိကျကျနှင့် သေချာစွာ စဉ်းစား ရသည့်အခါမျိုးလည်း ရှိတတ်ပြီး အချို့အချိန်များသည် ကောက်ခါငင်ကာ ဆုတောင်း ရသည့် အချိန်မျိုးလည်း ရှိတတ်ပါသည်။

အသင်းတော်ကို =ဆုတောင်းရာအိမ်တော်+ တစ်ပါးအဖြစ် လူသိများခဲ့ပြီး လူများလာ၍ ဘုရားနှင့်ဆက်သွယ်မှုပြုသည့်နေရာဟု ကျွန်ုပ်တို့သိမှတ်ရပါသည်

(မဿဲ ၂၁း၁၃)။ အသင်းတော်သည် ဆုတောင်းရန် နေရာနှင့် အခြားသူများအတွက် အစာရှောင်ရန်နေရာ၊ အနာရောဂါငြိမ်းခြင်းရရန် သို့မဟုတ် ကယ်နှုတ်ခြင်း ခံရရန်နှင့် ဘုရားရှင်၏ အလိုတော်ကို သိရန်နေရာဖြစ်သင့်ပါသည်။

ဘုရားတပည့်တော်များဖြစ်သဖြင့် ကျွန်ုပ်တို့သည် အခြားသူများအတွက် ဆုတောင်းခြင်း စံနမူနာချမှတ်ပြရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့ လုပ်ဆောင်လေသမျှကို ဆုတောင်းခြင်းဖြင့် အသားကျစေသင့်ပါသည်။ ဆုတောင်းခြင်းသည် အစေခံရန်အတွက် ဘုရားသခင်၏ ဉာဏ်ပညာတံခါးကို ဖွင့်ပေးသောသော့ ဖြစ်ပါသည်။ ယေရှုက ကျွန်ုပ်တို့အား ဉာဏ်ပညာချို့တဲ့ပါက ကျွန်ုပ်တို့တောင်းရန်သာ လိုအပ်ပြီး ကျွန်ုပ်တို့အား ဉာဏ်ပညာကို ကြွယ်ဝစွာချပေးမည်ဖြစ်ကြောင်း ပြောပါသည် (ယာကုပ် ၁း၅)။

သခင်ယေရှု၏ တစ်ခုသော အရှည်ကြာဆုံး ဆုတောင်းခြင်းကို ရှင်ယောဟန်ခရစ်ဝင်ကျမ်း (၁၇) တွင် တွေ့ရပါသည်။ ယင်းသည် ကြီးမြတ်သော ယဇ်ပရောဟိတ်မင်း ဆုတောင်းချက်အဖြစ် ထင်ရှားပါသည်။ ဤဆုတောင်းခြင်းတွင် သခင်ယေရှုသည် မိမိအတွက်နှင့် သူရင်ဆိုင်ရတော့မည့် ကိစ္စအကြောင်း ဦးစွာဆုတောင်း ခဲ့ပါသည်။ ယင်းနောက် ကိုယ်တော်သည် တမန်တော်များ ကြံ့ကြံ့ခံနေနိုင်ရန်နှင့် တစ်ဦးကိုတစ်ဦး အားပေးနေစေရန် ဆုတောင်းခဲ့ပါသည်။ နောက်ဆုံးတွင် နောင် တွင် နောက်တော်လိုက်မည့် ယုံကြည်သူများအားလုံးအတွက် ကိုယ်တော်သည် ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ ကျွန်ုပ်တို့သည်လည်း ဘုရားသခင် နှင့် တစ်လုံးတစ်ဝတည်းဖြစ်ရပါမည့်အကြောင်း ဆုတောင်းခဲ့ပါသည်။ ကမ္ဘာလောက ကြီးအနေဖြင့် တပည့်တော်များ အပေးအယူမျှတစွာ စည်းစည်းလုံးလုံးဖြင့် လျှောက်လှမ်းနေကြပြီး တစ်စိတ်တစ်ဝမ်းတည်း အလုပ်လုပ်ကာ သာသနာ့ဝန်ဆောင်နေခြင်းကို တွေ့မြင်ရန် လိုအပ်ပါသည်။ ယင်းသို့ တွေ့မြင်ရခြင်းသည် အဘခမည်းတော် အား ဂုဏ်ပြုခြင်းနှင့် ချီးမြှောက်ခြင်းကို ဆောင်ကြဉ်းပေးလိမ့်မည်ဖြစ်ပြီး လူများအား စစ်မှန်သော ဘုရားသည်

ကောင်းကင်ဘုံတွင်ရှိကြောင်း ယုံကြည်စေမည့် အကြောင်း ဖြစ်ပါလိမ့်မည်။ ကျေးဇူးပြု၍ ဤအချက်ခုနစ်ချက်ကို သင်၏ ဆုတောင်းခြင်း အသက်တာတွင် အထောက်အကူရရန် အသုံးပြုပါ။ ဘုရားရှင်ထံ မိမိကိုယ် မိမိ အတွက်နှင့် အခြားသူများအတွက် မည်ကဲ့သို့ဆုတောင်းရမည်ဆိုသည့် ဉာဏ်ပညာ ကို တောင်းခံပါ။

သင်၏ အသက်တာတွင် ပဌနာတော်ကို မည်ကဲ့သို့အသုံးပြုသည်ဆိုခြင်းမှာ သင်နှင့်သာ သက်ဆိုင်ပါသည်။ ခရစ်တော်သည် တပည့်တော်တိုင်းနှင့် ဆုတောင်းရာ အဖေါ်တစ်ဦးဖြစ်လိုပါသည်။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်း အသက်တာအား ကိုယ်တော်လမ်းညွှန်ခွင့်ပေးရန် ကျွန်ုပ်တို့တွင် ယုံကြည်ခြင်းရှိရန် လိုအပ်ပါသည်။ ဆုတောင်းခြင်းဆိုင်ရာ ဤသင်ခန်းစာကို ကျော်မသွားမီ တပည့်တော်များ သူတို့၏ ဆုတောင်းခြင်း အသက်တာတွင် အထောက်အကူရနိုင်ကောင်းသည့် အကြံဉာဏ်နှင့် အခြေခံစည်းမျဉ်းပါ စာရင်းငယ်လေးတစ်ခုကို သင်တို့အား ကျွန်ုပ်ပေးလိုပါသည်။

၁။ ဆုတောင်းခြင်းသည် တစ်စုံတစ်ယောက်၏ နေ့စဉ်အသက်တာတွင် ဦးစားပေး ဖြစ်သင့်ပါသည်။

၂။ တစ်ဦးချင်း ဆုတောင်းတတ်ရန်နှင့် ပူးပေါင်းဆုတောင်းတတ်ရန်သင်ယူပါ။

၃။ ဘုရားရှင်၏ အစေခံကျွန်ကဲ့သို့ ဆုတောင်းပါ။

၄။ ကျွန်ုပ်တို့အားလုံးသည် ဆုတောင်းရန် ခေါ်ယူခြင်း ခံရကြောင်းသိပါ။

၅။ ဆုတောင်းခြင်းသည် ဘုရားသခင်၏ မျက်နှာတော်ကို ရှာခြင်းဖြစ်သည်။

၆. ဆုတောင်းခြင်းသည် အပြစ်ကို ဝန်ချခြင်းနှင့် အပြစ်မှ ဝေးဝေးနေခြင်း ဖြစ်သည်။

၇. ဆုတောင်းခြင်းသည် ကိုယ်စိတ်နှလုံး သုံးပါးလုံးကို ကုသခြင်းဖြစ်သည်။

၈. ဆုတောင်းခြင်းသည် ကြီးထွားရန်နှင့် အသက်တာအတွက် ဝိညာဉ်အစာ ဖြစ်သည်။

၉. အသင်းတော်သည် ဆုတောင်းရာအိမ်ဖြစ်ရမည်။

၁၀. ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၊ အစာရှောင်ခြင်းတို့တွင် လုံ့လဝိရိယရှိရန် လိုအပ်သည်။

၁၁. ကျွန်ုပ်တို့ ဆုတောင်းနေသောအကြောင်းအရာပေါ်တွင် အာရုံစိုက်ထားပါ။

၁၂. ကြံ့ခိုင်မှုနှင့် ရဲရင့်ခြင်းအတွက် ဆုတောင်းပါ။

၁၃. ဉာဏ်ပညာနှင့် နားလည်မှုအတွက် ဆုတောင်းပါ။

၁၄. သင့်ဝန်းကျင်တွင်ရှိသော ဆင်းရဲသားနှင့် နွမ်းပါးသူများအတွက် ဆုတောင်း ပါ။

၁၅. သင့်အား ဒုတိယမိုင် သွားစေသူများအတွက် ဆုတောင်းပါ။

၁၆. ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များအတွက် ဆုတောင်းပါ။

၁၇။ အရာရာတိုင်းကို သိနားလည်လက်ခံစေနိုင်သော ငြိမ်သက်ခြင်းရရန် ဆုတောင်းပါ။

၁၈။ ကျေးဇူးတင်သော နှလုံးသားဖြင့် ဆုတောင်းပါ။

၁၉။ သင်၏ စိတ်နှင့် နှလုံးသားအပေါ် အကာအကွယ်နှင့် လမ်းညွှန်မှုအတွက် ဆုတောင်းပါ။

၂၀။ ဘုရားသခင်၏ မေတ္တာကို ပေးဝေရန်နှင့် အစေခံရန် တံခါးများဖွင့်ပေးရန် ဆုတောင်းပါ။

၂၁။ နာမကျန်းသူများအတွက် ဆုတောင်းပါ။

၂၂။ ဘုရားဝတ်၌ မွေ့လျော်သော နှလုံးသားဖြင့် ဆုတောင်းပါ။

၂၃။ နှုတ်ကပတ်တော်အား သင်၏ လမ်းညွှန်အဖြစ် အသုံးပြုနိုင်ရန်ဆုတောင်း ပါ။

၂၄။ တစ်စုံတစ်ယောက်၏ ကိုယ်ရေးကိုယ်တာ လိုအပ်ချက်များအကြောင်း ဆုတောင်းပါ။

၂၅။ ဆုတောင်းခြင်းသည် လူနှင့်အရာဝတ္ထုများအား ချည်နှောင်ခြင်း၊ ဖြည်လွှတ် ခြင်း ဖြစ်သည်။

၂၆။ မခြားမလပ် ဆုတောင်းပါ။ ရပ်နားခြင်း မပြုပါနှင့်။

၂၇။ သင့်အား ညှဥ်းဆဲသော သူတို့အတွက် ဆုတောင်းပါ။

၂၈။ ဆုတောင်းခြင်းသည် ကောင်းကင်တွင် ဘဏ္ဍာကို သိုမှီးခြင်းဖြစ်သည်။

၂၉။ ဆုတောင်းခြင်းသည် စိုးရိမ်ပူပန်ခြင်း မဟုတ်ပဲ ဘုရားရှင်ကို ယုံကြည်ကိုးစားခြင်း ဖြစ်ပါသည်။

၃၀။ ဆုတောင်းခြင်းသည် ဘုရားသခင်၏ နိုင်ငံတော်ကို ဦးစွာရှာခြင်း ဖြစ်ပါသည်။

၃၁။ ဆုတောင်းခြင်းသည် အခြားသူများကို စီရင်ခြင်း မပြုပါ။

၃၂။ ဆုတောင်းခြင်းသည် ဘုရားသခင်၏ နှလုံးသားကို တောင်းပန်ခြင်း၊ ရှာဖွေခြင်းနှင့် ခေါက်ခြင်းဖြစ်ပါသည်။

၃၃။ ဆုတောင်းခြင်းသည် သင်နှင့် ဘုရားအကြားနှင့် အသင်းတော်ထဲတွင် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းနှင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးပါသည်။

၃၄။ ဆုတောင်းခြင်းသည် အပြစ်လွှတ်ရန် တောင်းပန်ခြင်းနှင့် အခြားသူများကို အပြစ်လွှတ်ခြင်းဖြစ်ပါသည်။

၃၅။ ဆုတောင်းခြင်းသည်အရာရာကိုပြောင်းလဲစေပါသည်။

**နိဂုံး**

ဆုတောင်းခြင်းသည် အသက်ကယ်ကြိုးတစ်ချောင်းဖြစ်ပြီး ဘုရားသခင်ထံ ချိတ်ဆက်လိုက်သည့် ကျောက်ဆူးကြိုးဖြစ်ပါသည်။ ဆုတောင်းခြင်းသည် ဘုရားသခင်၏ တန်ခိုးတော်၊ ဉာဏ်ပညာနှင့် လမ်းညွှန်မှုတို့ စီးဆင်းရာဖြစ်ပါသည်။ ဆုတောင်းခြင်းသည် သင်၏ အစေခံခြင်းအတွက် နေ့စဉ်နေ့တိုင်း ဖြည့်တင်းပေးရန်နှင့် ခွန်အားပေးရန် သန့်ရှင်းသော ဝိညာဉ်တော် အသုံးပြုနေသော ရေပိုက်လည်းဖြစ်ပြီး သင်၏ ခန္ဓာကိုယ်ကိုလည်း ကျန်းမာသန်စွမ်းစေပါသည်။ ကျွန်ုပ်တို့သည် **ဆုတောင်းသောသူများ**အဖြစ် အသိအမှတ်ပြုခံရရန် လိုပါသည်။ ရှင်ပေါလုက သက်သာလောနိတ်အသင်းတော်အား မခြားမလပ် ဆုတောင်းရန်နှင့် အရာရာတိုင်း တွင် ကျေးဇူးတော်ကို ချီးမွမ်းရန်ပြောခဲ့ပါသည်။ အကြောင်းမှာ ယင်းသည် ခရစ်တော်ယေရှု၌ရှိသော ဘုရားသခင်၏ အလိုတော်ဖြစ်သောကြောင့် ဖြစ်ပါသည် (၁ကော ၅း၁၆-၁၈)။

## က။ ဆက်စပ်မှု

ဆုတောင်းခြင်းသည် တမန်တော်များ၏ လက်ထဲတွင် လွန်စွာထက်မြက်သော တန်ဆာပလာတစ်ခု ဖြစ်ပါသည်။ ခရစ်တော်က ကျွန်ုပ်တို့အား အကယ်၍ တစ်စုံတစ်ရာအတွက် လူနှစ်ဦး၊ သုံးဦး သဘောတူလျှက်စုဝေးကြပါက ဆုတောင်းချက်များသည် ကောင်းကင်ဘုံ၌ ပြည့်စုံစေလိမ့်မည်ဟု မိန့်တော်မူပါသည် (မဿဲ ၁၈း၁၉)။ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံနှင့် မြေကြီးပေါ်တွင် ချည်နှောင်ခြင်းနှင့် ဖြည်လွှတ်ခြင်းလည်း ပြုနိုင်ကြပါသည် (မဿဲ ၁၆း၁၉)။ ဆုတောင်းခြင်းသည် ချည်နှောင်ထားသောကြိုးကို ပြတ်စေပြီး ဖမ်းသွားချုပ်ထားခြင်းခံရသူများကို လွတ်မြောက်စေသည့် အဓိကအချက်လည်း ဖြစ်ပါသည်။ အခြားသူများ၏ ဆုတောင်းခြင်း အသက်တာအကြောင်းကို လေ့လာနိုင်ကြပြီး မတူညီသော ဆုတောင်းခြင်း နည်းလမ်း များ၏ အတွေ့အကြုံကို စတင်ရယူပါ။

ဘုရားသခင်၏ လက်တော်သည် လမ်းညွှန်မှုကိုပေးပြီး ဆုတောင်းခြင်းကို အဖြေပေးတော်မူကြောင်း သိမြင်ရန် ဆုတောင်းခြင်းမှတ်တမ်းကို ထားရှိသင့်ပါသည်။ ဆုတောင်းခြင်းမှတ်တမ်းသည် ယုံကြည်ခြင်းနှင့် ခိုင်မာမှုကို

တည်ဆောက်ပေးပြီး ကျွန်ုပ်တို့အား ခရစ်တော်နှင့် ပို၍ နက်ရှိုင်းသော ပေါင်းသင်းဆက်ဆံမှုကို ပြုရန် ခွန်အားပေးပါသည်။ ကျွန်ုပ်တို့၏ အသက်တာများကို သန့်ရှင်းသောဝိညာဉ်တော်နှင့် ဖြည့်တင်းရန် နေ့စဉ် ဆုတောင်းရမည်လည်း ဖြစ်ပါသည် (ဧဖက် ၅း၁၈)။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ တိုင်ပင်ဖက်၊ ဆရာသမားနှင့် နှစ်သိမ့် ပေးသူဖြစ်ပြီး ဒုက္ခရောက်သည့်ကာလများကို ဖြတ်ကျော်သွားရန် ကျွန်ုပ်တို့အား မစပေးပါသည်။

### ခ။ စဉ်းစားဆင်ခြင်ရန်

- ခရစ်တော်၌ ကျွန်ုပ်၏ ဆုတောင်းခြင်းအသက်တာကို ပို၍ နက်ရှိုင်းလာစေရန် ကျွန်ုပ်ဘာလုပ်နိုင်သနည်း။
- ကျွန်ုပ်၏ ဆုတောင်းခြင်း အသက်တာကို မည်သည့်အရာက နှောင့်ယှက်ဟန့်တားနေပြီး ယင်းကို ပြောင်းလဲရန် ကျွန်ုပ်ဘာလုပ်နိုင်သနည်း။
- အခြားသူများအတွက် ကျွန်ုပ်မည်သို့ ဆုတောင်းပေးနိုင်သနည်း။
- ဆုတောင်းခြင်းမှ ရရှိလာသော အဖြေများကို တွေ့မြင်၊ ခံစားရပြီး အခြားသူ များကို သက်သေခံ ဖေါ်ပြပေးပါသလား။

### ဂ။ ဤသင်ခန်းစာနှင့် ဆက်နွယ်သော အခြားကျမ်းပိုဒ်များ

**၃ရာ ၈း၂၇-၃၀ . . .**

သို့ရာတွင် ဘုရားသခင်သည် မြေကြီးပေါ်မှာ စေကန်အမှန် ကျိန်းဝပ်တော်မူမည်လော။ ကောင်းကင်နှင့် ကောင်းကင်တကာတို့၏ အထွဋ်အမြင့်ဆုံးသော ကောင်းကင်သည် ကိုယ်တော်ကို မဆံ့မခံနိုင်သည်ဖြစ်၍ အကျွန်ုပ်တည်ဆောက်သော ဤအိမ်ကို အဘယ်ဆိုဘွယ်ရာ ရှိပါသနည်း။ သို့သော်လည်း အို အကျွန်ုပ်ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော် ကျွန်သည်ရှေ့တော်၌ ယနေ့ကြွေးကြော်လျက် **ပဌနာ**ပြု၍ တောင်းလျှောက်သော စကားကို နားခံ၊ နာယူတော်မူပါ။ ဤမည်သောအရပ်၌ ငါ့နာမ တည်ရမည်ဟု မိန့်တော်မူသည့်အတိုင်း ဤအရပ်ဌာနနှင့် ဤအိမ်တော်ကို နေ့ညဉ့်မပြတ် ကြည့်ရှု၍ ကိုယ်တော် ကျွန်သည် ဤအရပ်ဌာန၌ **ဆုတောင်းသောစကား**ကို နားထောင်တော်မူပါ။ ကိုယ်တော် ကျွန်မှ စ၍ ကိုယ်တော်၏လူ ဣသရေလအမျိုးသားတို့သည် ဤအရပ်ဌာန၌ **ဆုတောင်းပဌနာ**ပြု ကြသောအခါ ကျိန်းဝပ်တော်မူရာ ကောင်းကင်ဘုံ၌ နားထောင်၍ အပြစ်မှလွှတ်တော်မူပါ။

## ၆ရာ ၇း၁၄-၁၅

ငါ့နာမဖြင့် သမုတ်သော ငါ့လူတို့သည် ကိုယ်ကိုနှိမ့်ချသဖြင့် ငါ့မျက်နှာကို ရှာလျက် **ဆုတောင်းပဌနာ**ပြု၍ အဓမ္မလမ်းကို လွှဲရှောင်လျှင် ငါသည် ကောင်းကင်ဘုံ၌ နားထောင်မည်။ သူတို့ အပြစ်ကို ဖြေ၍ သူတို့ပြည်ကို ချမ်းသာပေးမည်။ ငါကြည့်ရှုမည်။ ဤအရပ်ဌာန၌ ဆုတောင်းသောစကားကို ငါနားထောင်မည်။

## နေ ၁း၄-၆

ထိုစကားကိုကြားလျှင် ငါသည် ထိုင်၍အင်တန်ကာလပတ်လုံး ငိုကြွေးမြည်တမ်းလျက် အစာရှောင်လျက်နေ၍ ကောင်းကင်ဘုံ၏ အရှင်ဘုရားသခင်ရှေ့

တော်၌ **ဆုတောင်းသောပဌနာ**ဟူမူကား။ အိုကောင်းကင်ဘုံ၏ အရှင်ဘုရားသခင် ထာဝရဘုရား၊ ကြီးမြတ်၍ ကြောက်မက်ဘွယ်သောဘုရား၊ ပညတ်တော်တို့ကို နှစ်သက်၍ ကျင့်စောင့်သော သူတို့နှင့် ဖွဲ့သော ကရုဏာပဋိညာဉ်ကို မဖျက်၊ တည်စေတော်မူသောဘုရား၊ ကိုယ်တော်ကျွန် ဣသရေလအမျိုးသားတို့အဘို့ ရှေ့တော်၌ နေ့ညဉ့်မပြတ် အကျွန်ုပ်**ဆုတောင်း**၍ ဣသရေလအမျိုးသားဖြစ်သော အကျွန်ုပ်တို့သည် ကိုယ်တော်ကို ပြစ်မှားမိသောအပြစ်များကို ဘော်ပြ၍ တောင်းပန် သော ကိုယ်တော်ကျွန်၏ **ပဌနာ**စကားကိုကြားခြင်းငှာ ယခုနားထောင်၍ စေ့စေ့ ကြည့်ရှုတော်မူပါ။

**ဒံ ၉း၂၀-၂၂**

ထိုသို့ ဆုတောင်းပဌနာပြု၍ ကိုယ်အပြစ်ကို၎င်း၊ အမျိုးသားချင်း ဣသရေလလူတို့၏ အပြစ်ကို၎င်း ဘော်ပြတောင်းပန်၍ ငါကိုးကွယ်သော ဘုရားသခင်၏ သန့်ရှင်းသော တောင်တော်အဘို့ ငါပြုသော **ပဌနာ**စကားကို ငါ၏ ဘုရားသခင် ထာဝရဘုရားရှေ့တော်၌ ဆက်ကပ်လျက်နေ၍၊ ဆုတောင်းသောအမှု မပြီးမှီ မြွက်ဆို စဉ်တွင် ယခင်ဗျာဒိတ်ရူပါရုံ၌ ထင်ရှားသောသူ ဂါဗြေလသည် လျင်မြန်စွာပျံ၍ လာသဖြင့် ညဦးယံပူဇော်ချိန်၌ ငါရှိရာသို့ရောက်၍၊ နှုတ်ဆက်လျက်အချင်း ဒံယေလ၊ ငါသည် သင်၌ ဉာဏ်ပညာတိုးပွါးစေမည်အကြောင်း ထွက်လာပြီ။

**မဿဲ ၂၁း၁၃**

ငါ့အိမ်ကို **ဆုတောင်းရာအိမ်** ဟူ၍ ခေါ်ဝေါ်ကြလတံ့ဟု ကျမ်းစာ၌ လာသော်လည်း သင်တို့သည် ထိုအိမ်ကို ထားပြတွင်း ဖြစ်စေကြပြီတကားဟု ယေရှု မိန့်တော်မူ၏။

**မာကု ၁၁း၁၇**

ငါ့အိမ်ကို လူအမျိုးမျိုး **ဆုတောင်းရာအိမ်** ဟူ၍ ခေါ်ဝေါ်ကြလတံ့ဟု ကျမ်းစာ၌ လာသည် မဟုတ်လော။ သို့သော်လည်း သင်တို့သည် ထိုအိမ်ကို ထားပြတွင်း ဖြစ်စေကြပြီတကား ဟူ၍ ဆုံးမဩဝါဒပေးတော်မူ၏။

**လုကာ ၁၈း၁၀-၁၄**

လူနှစ်ယောက်တို့သည် **ဆုတောင်းပဌနာ**ပြုခြင်းငှာ ဗိမာန်တော်ပေါ်သို့ တက်ကြ၏။ တစ်ယောက်ကား ဖာရိရှဲဖြစ်၏။ တစ်ယောက်ကား အခွန်ခံဖြစ်၏။ ဖာရိရှဲသည် တစ်ယောက်တည်းရပ်လျက် အိုဘုရားသခင် သူတပါးတို့သည် အနိုင်အထက် လုယူခြင်း၊ မတရားသဖြင့်ကျင့်ခြင်း၊ သူ့မယားကို ပြစ်မှားခြင်း အပြစ်ရှိသကဲ့ သို့ အကျွန်ုပ်၌ မရှိသည်သာမက ဤအခွန်ခံကဲ့သို့ပင်

မဟုတ်သောကြောင့် ကျေးဇူးတော်ကြီးလှပေ၏။ အကျွန်ုပ်သည် ခုနစ်ရက်တွင် နှစ်ရက် အစာရှောင်ပါ၏။ ဥစ္စာရှိသမျှတို့ကို ဆယ်ဘို့တဘို့လှူပါ၏ဟူ၍ **ဆုတောင်းပဌနာ** ပြု၏။ အခွန် ခံမူကား အဝေးကရပ်၍ ကောင်းကင်သို့ မမျှော်မကြည့်ဝံ့ဘဲ ရင်ပတ်ကိုခတ်လျက် အိုဘုရားသခင် အပြစ်များသော အကျွန်ုပ်ကိုသနားခြင်းကရုဏာစိတ်ရှိတော်မူပါဟု **ဆုတောင်း**လေ၏။ ငါဆိုသည်ကား ထိုသူသည်အပြစ်ပြေလျက် မိမိအိမ်သို့ ပြန်သွား၏။ ဖာရိရှဲမူကား အပြစ် မပြေ။ အကြောင်းမူကား ကိုယ့်ကိုယ်ကိုယ် ချီးမြှောက်သောသူ မည်သည်ကား နှိမ့်ချခြင်းသို့ ရောက်လတံ့။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချသော သူမည်သည်ကား ချီးမြှောက်ခြင်းသို့ ရောက်လတံ့ဟု မိန့်တော်မူ၏။

**တမန် ၁၂း၅**

ပေတရုသည် ထောင်ထဲ၌ အကျဉ်းနေရစဉ် သင်း၀င်သူတို့သည် သူ့အတွက် ကြိုးစား၍ ဘုရားသခင်ကို **ဆုတောင်းပဌနာ** ပြုကြ၏။

**ရောမ ၁၂း၁၁-၁၃**

အားထုတ်ခြင်းအရာမှာ ပျင်းရိခြင်း မရှိဘဲလျက် စိတ်တန်းသဖြင့် သခင်ဘုရား၏ အလိုတော်သို့လိုက်၍ အားထုတ်ကြလော့။ မြော်လင့်လျက် ၀မ်းမြောက်ကြလော့။ ဆင်းရဲဒုက္ခရောက်သောအခါ သည်းခံကြလော့။ **ဆုတောင်းပဌနာ** ပြုခြင်း အမှုကို အမြဲပြုကြလော့။ သန့်ရှင်းသူတို့သည် ဆင်းရဲသောအခါ ဝေငှပေးကမ်းကြ လော့။ အာဂန္တုတို့အား ဧည့်သည်ဝတ်ကို ကြိုးစား၍ပြုကြလော့။

**ဧဖက် ၁း၁၈-၂၀**

ခေါ်တော်မူသောကြောင့် မျှော်လင့်ရသောအရာကား အဘယ်အရာဖြစ်သည်ကိုင်၄၊ သန့်ရှင်းသူတို့သည် ခံရသော အမွေတော်၏ ဘုန်းစည်းစိမ်ကား အဘယ်မျှလောက်ကြီးသည်ကို၄င်း၊ ယုံကြည်သော ငါတို့၌ ပြတော်မူသော အလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီးသည်ကို၄င်း၊ သင်တို့သည် သိစေခြင်းငှာ၊ သင်တို့၏ ဥာဏ်မျက်စေ့ကို လင်းစေပါမည့်အကြောင်း **ဆုတောင်းပဌနာ**ပြု၏။ ထိုတန်ခိုးတော်ကား ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူ၍ ခရစ်တော်၌ ပြုပြင်သော မဟာတန်ခိုးအာနုဘော် အရှိန်ကဲ့သို့ဖြစ်၏။

**ဧဖက် ၆း၁၈-၂၀**

ကာလအစဉ် စိတ်နှလုံးပါလျက် **ဆုတောင်းပဌနာ**ပြုခြင်း အမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့။ ထိုသို့ ဆုတောင်းခြင်းငှာ အားမလျော့ဘဲလျက် ငါမှစ၍

သန့်ရှင်းသူ အပေါင်းတို့အဘို့ ဆုတောင်းလျက် စောင့်ရှောက်ကြလော့။ ငါသည် ဧဝံဂေလိတရားကြောင့် သံကြိုးနှင့် ချည်နှောင်ခြင်းကိုခံလျက် သံတမန်အမှုကို ပြုရသည်ဖြစ်၍ ထိုတရား၏ နက်နဲသောအရာကို ဘော်ပြခြင်းငှာ ငါသည် နှုတ်ကို ရဲရင့် စွာ ဖွင့်လှစ်ခြင်း အခွင့်ရှိမည့်အကြောင်းကိုငှင်း၊ ထိုတရားကို ဟောပြောအပ်သည်နှင့် အညီ ရဲရင့်စွာ ဟောပြောမည့်အကြောင်းကိုငှင်း၊ င့ါအဘို့လည်း ဆုတောင်းကြလော့။

### ဖိ ၄း၆-၇

အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့် တကွ **ဆုတောင်း**ပဌနာပြုသောအားဖြင့် သင်တို့ တောင်းပန်လိုသော အရာများတို့ကို ဘုရားသခင်အား ကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင် အဘယ်သူမျှ ကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့ ၏ စိတ်နှလုံးကို စောင့်မလိမ့်မည်။

### ကောလောသဲ ၁း၉-၁၂

ထိုကြောင့် ငါတို့သည် ကြားရသည်နေ့မှစ၍ သင်တို့အဘို့အလိုငှါ အစဉ်မပြတ် **ဆုတောင်းပဌနာ** ပြုလျက်နေကြ၏။ ဆုတောင်းသောအချက် ဟူမူကား သင်တို့သည် ကောင်းသောအကျင့် အမျိုးမျိုးတည်းဟူသော အသီးကိုသီးခြင်း၊ ဘုရား သခင်ကို သိသော ဉာဏ်တိုးပွားခြင်းရှိသဖြင့်ငှင်း၊ ဝမ်းမြောက်သောစိတ်နှင့် အရာ ရာ၌ သည်းခံခြင်း၊ စိတ်ရှည်ခြင်းအလိုငှါ ဘုန်းကြီးသောတန်ခိုးတော်အတိုင်း ခွန်အား နှင့် ပြည့်စုံသဖြင့်ငှင်း၊ ခမည်းတော်ဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းလျက် သခင် ဘုရားနှင့် ထိုက်လျောက်စွာကျင့်၍ အရာရာ၌ နှစ်သက်တော်မူစေခြင်းငှါ ပညာ အမျိုးမျိုး၊ ဓမ္မဉာဏ်အမျိုးမျိုးအားဖြင့် အလိုတော်ကို အကုန်အစင်နားလည်ပါမည့် အကြောင်း ဆုတောင်းပဌနာပြု၏။

အလင်း၌နေသော သန့်ရှင်းသူတို့၏ အမွေကို ငါတို့သည် ဆက်ဆံဝင်စားမည်အကြောင်း ကျေးဇူးပြုတော်မူ၏။

**ကောလောသဲ ၄း၂-၄**

ဆုတောင်းပဌနာ ပြုခြင်းအမှုကို အမြဲပြု၍ ကျေးဇူးတော်ကို ချီးမွမ်းလျက် စောင့်ရှောက်ကြလော့။ ငါသည် ခရစ်တော်၏ နက်နဲသောအရာကြောင့် အချည်အနှောင်ခံရသည်ဖြစ်၍ ထိုနက်နဲသောအရာကို ဟောပြောခြင်းငှါ ဘုရားသခင်သည် တရားဟောရာတံခါးကို ငါတို့အား ဖွင့်တော်မူမည့်အကြောင်းကိုငှင်း၊ ထိုနက်နဲသော အရာကို ဟောပြောအပ်သည်နှင့်အညီ ငါဘော်ပြမည့်အကြောင်းကိုငှင်း၊ ငါတို့အဘို့ လည်း **ဆုတောင်း**ကြလော့။

**၁တိ ၂း၁-၈**

ငါတို့သည် ဘုရားဝတ်၌ မွေ့လျော်ခြင်း၊ လျောက်ပတ်စွာကျင့်ခြင်း အမျိုးမျိုး ကိုပြု၍ ငြိမ်ဝပ်ဆိတ်ညံစွာနေရမည်အကြောင်း ရှင်ဘုရင်မှစ၍ မင်းအာဏာရှိသော လူအပေါင်းတို့နှင့် လူအမျိုးမျိုးတို့ အဘို့**ဆုတောင်းပဌနာ**ပြုခြင်း၊ မေတ္တာပို့ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းကို ရှေးဦးစွာပြုစေခြင်းငှါ ငါတိုက်တွန်း သွေးဆောင်၏။ အကြောင်းမူကား ထိုသို့သော အမှုသည်ကောင်းသော အမှုဖြစ်၏။ ငါတို့ကို ကယ်တင်တော်မူသော အရှင်ဘုရားသခင် နှစ်သက်တော်မူသော အမှုလည်း ဖြစ်၏။ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ ဘုရားသခင်အလိုတော်ရှိ၏။ ဘုရားသခင်တစ်ဆူတည်း ရှိတော်မူ၏။ ဘုရားသခင်နှင့် လူတို့၏ စပ်ကြားမှာ လူဖြစ်သော ယေရှုခရစ်တည်းဟူသော အာမခံတစ်ဦးတည်း ရှိ၏။ ထိုအာမခံသည် လူအပေါင်းတို့ကို ရွေးအံ့သောငှါ ကိုယ်ကိုကိုယ် စွန့်တော်မူပြီ။ ကာလအချိန်တန်မှ သက်သေခံခြင်းရှိ၏။ ငါသည် ထိုသက်သေခံသောသူ

အရာ၌၄င်း၊ တမန်တော်အရာ၌၄င်း၊ ယုံကြည်ခြင်းတရားနှင့် သမ္မာတရားကို တပါး အမျိုးသားတို့အား ဟောပြောသော ဆရာအရာ၌၄င်း၊ ခန့်ထားတော်မူသောသူ ဖြစ်သည်ဟု ငါဆိုသော် မုသားစကားကို မဆို၊ မှန်သော စကားကို ဆို၏။ သို့ဖြစ်၍ အရပ်ရပ်တို့၌ ယောက်ျားတို့သည် အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်းမရှိဘဲ၊ သန့်ရှင်းသော လက်ကိုချီ၍ **ဆုတောင်း**စေခြင်းငှါ ငါအလိုရှိ၏။

**ယာ ၅း၁၄-၁၈**

နာသောသူရှိလျှင် သင်းအုပ်တို့ကိုခေါ်၍ သူတို့သည် သခင်ဘုရား၏ နာမတော်ကို အမှီပြုလျက် လူနာကို ဆီနှင့်လူး၍ သူ့အပေါ်မှာ **ဆုတောင်း**ကြစေ။ ထိုသို့ပြုလျှင် ယုံကြည်ခြင်း၏ ပဌနာသည် လူနာကို ကယ်ဆယ်၍ သခင်ဘုရားသည် သူ့ကို ထမြောက်စေတော်မူမည်။ သူသည် အပြစ်ပြုမိသော်လည်း ထိုအပြစ်က လွှတ်တော်မူမည်။ အချင်းချင်း၊ တယောက်နှင့် တယောက်ကိုယ်အပြစ်ကိုဘော်ပြ တောင်းပန်ကြလော့။ ချမ်းသာရမည်အကြောင်း အချင်းချင်းတို့အဘို့ **ဆုတောင်း**ကြ လော့။ သူတော်ကောင်း **ဆုတောင်း**၍ အရှိန်ကြီးသော **ပဌနာ**သည် အလွန်တန်ခိုးပါ၏။ ဧလိယသည် ငါတို့ကဲ့သို့ လောကဓံတရား၌ ကျင်လည်သောသူ ဖြစ်သော်လည်း မိုယ်းမရွာမည်အကြာင်း၊ အထူးသဖြင့် **ဆုတောင်း**သောအခါ သုံးနှစ် နှင့်ခြောက်လပတ်လုံးမြေပေါ်သို့ မိုယ်းမရွာဘဲနေ၏။ တဖန်**ဆုတောင်း**သောအခါ မိုးယ်ကောင်းကင်သည် မိုယ်းရွာစေ၏။ မြေကြီးသည်လည်း မိမိအသီးကို သီးလေ၏။

**ဃ။ တပည့်တော်စစ်၏ ဆုတောင်းခြင်း ပုံစံ**



မြန်မာဘာသာဖြင့်

၁၊ ကျွန်ုပ်တို့၏အဘ
၂၊ ကျွန်ုပ်တို့အဘ၏ အလိုတော်
၃၊ ကျွန်ုပ်တို့အဘ၏ အသက်မွေးလောက်သောအစာ
၄၊ ကျွန်ုပ်တို့အဘ၏ ခွင့်လွှတ်ခြင်း
၅၊ ကျွန်ုပ်တို့အဘ၏ ဦးဆောင်မှု
၆၊ ကျွန်ုပ်တို့အဘ၏ ကယ်နှုတ်ခြင်း
၇၊ ကျွန်ုပ်တို့အဘ၏ ဘုန်းတန်ခိုးအာနုဘော်

ပြန်လည်သုံးသပ် ရေးမှတ်ရန်

ပြန်လည်သုံးသပ် ရေးမှတ်ရန်

ပြန်လည်သုံးသပ် ရေးမှတ်ရန်

# Burmese Book Order Form

| SERIES | BOOK | PRICE | QTY | TOTAL |
|---|---|---|---|---|
| | | | | |
| **Leadership** | Relationship Pilgrimage<br>**ဝိညာဉ်ရေးရာခရီးပြုခြင်း** | **$6.95** | | |
| **Leadership** | Christ's Disciple<br>**ခရစ်တော်၏ တပည့်တော်စစ်** | **$6.95** | | |
| **Leadership** | Disciple's Prayer Life<br>**တပည့်တော်၏ဆုတောင်းခြင်းအသက်တာ** | **$6.95** | | |
| **Leadership** | Communion<br>**ပွဲတော်မင်္ဂလာ** | **$6.95** | | |
| | | | | |
| **Other** | Bible Information<br>**သမ္မာကျမ်းစာတော်မြတ်နှင့်**<br>**ပတ်သက်သောအထောက်အကူပြုစာအုပ်** | **$4.95** | | |

**Order online or by e-mail**
**www.lambs.ca**
**printing@vanpelts.ca**

**For mass distribution,**
**contact us for pricing.**